# အာရက္ခရေးရာအထူးလေ့လာချက်

# စစ်ပွဲနှင့် ခေတ်ပြောင်းခေတ်လဲကြားက အာရက္ခပြည်ရှိ သက်ကြီးရွယ်အိုများ၏ အကျပ်အတည်း

**အမှတ် (၁၁) ၊ ၂၀၂၆ ခုနှစ်**

**သက်ကြီးရွယ်အိုကဏ္ဍ**



မင်းပြားမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ရေကြီးမှုကြောင့် တိမ်းရှောင်နေရသော ချင်းအမျိုးသမီး သက်ကြီးရွယ်အိုအား ULA ကျန်းမာရေးဌာနမှ ဆေးကုသပေးနေစဉ် (ဓါတ်ပုံ-Narinjara)

**စက်တင်ဘာ ၁၈၊ ၂၀၂၆ ခုနှစ်**

## ၁။ နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | အာရက္ခပြည်တစ်ခုလုံးရှိ သက်ကြီးရွယ်အိုများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ စိတ်နှင့် ကိုယ်ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍ စစ်ပွဲကာလတွင်း ကြုံတွေ့ရသော အခက်အခဲ၊ စိန်ခေါ်မှုများ |
| **(ခ) နယ်မြေဒေသ** | အာရက္ခပြည်တစ်ခုလုံး |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် မေလမှ ၂၀၂၆ ခုနှစ် စက်တင်ဘာလ အထိ |

ရခိုင်ပြည်အတွင်း တကျော့ပြန်စစ်ပွဲများ စတင်ဖြစ်ပွားချိန်မှစ၍ လမ်းပန်းဆက်သွယ်ရေးနှင့် ကူညီထောက်ပံ့မှုများ အကန့်အသတ်ခံရမှုကြောင့် ပြည်သူအများ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရပြီး၊ ထိုအထဲတွင် သက်ကြီးရွယ်အိုများသည် အပြင်းထန်ဆုံး ထိခိုက်ခံစားရသည့် ထိလွယ်ရှလွယ်ဆုံးအုပ်စု (vulnerable group) တစ်ခု ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ 'သက်ကြီးရွယ်အို' ဖြစ်မှုကို အသက်အရွယ်အားဖြင့် ၆၀ နှစ်ပြည့်ပြီး သို့မဟုတ် ၆၀ နှစ်ထက် ကျော်လွန်နေသူများဟု သတ်မှတ်ထားသည်။

စစ်ကောင်စီသည် ရခိုင်ပြည်တွင် အာရက္ခတပ်တော် (AA)နှင့် တကျော့ပြန်တိုက်ပွဲများ စတင်သည်နှင့်တပြိုင်နက် ဒေသတစ်ခုလုံးကို ဗျူဟာမြောက်ထိန်းချုပ်ရန် ကြိုးပမ်းလာခဲ့ရာ ကုန်းလမ်းနှင့် ရေလမ်းကြောင်း လမ်းပန်းဆက်သွယ်ရေးများကို လုံးဝပိတ်ဆို့ထားပြီး လေကြောင်းခရီးစဉ်များကိုလည်း အကန့်အသတ်ဖြင့်သာ ခွင့်ပြုသည်။ အဆိုပါ တကျော့ပြန်တိုက်ပွဲများ၏ နောက်ဆက်တွဲအဖြစ် ရခိုင်ပြည်အတွင်း နေရပ်စွန့်ခွာထွက်ပြေးရသူ ဦးရေ ပိုမိုတိုးပွားလာကာ ထိုအထဲတွင် သက်ကြီးရွယ်အိုများလည်း ပါဝင်နေသည်။

တိုက်ပွဲကာလ ကြာမြင့်လာသည်နှင့်အမျှ ပြည်သူများသည် စားဝတ်နေရေး အကျပ်အတည်းများ အပါအဝင် စစ်ဘေးဒဏ်၏ အကျိုးဆက်များကို အလူးအလဲ ခံစားနေကြရသည်။ ထိုသို့ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် အုပ်စုများအနက် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များကဲ့သို့ ထိခိုက်လွယ်သည့် အုပ်စုများမှာ အဓိက သက်ရောက်မှုခံနေရသည်။ စစ်ကောင်စီ ထိန်းချုပ်ထားဆဲဖြစ်သော ဒေသများနှင့် အာရက္ခတပ်တော် ထိန်းချုပ်ထားသည့် မြို့နယ် (၁၅) ခုတို့ရှိ သက်ကြီးရွယ်အိုများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများမှာ ဆင်တူကြသည်။

ပိုမိုဆိုးရွားသည့်အချက်မှာ စောင့်ရှောက်မည့်သူမဲ့နေသည့် သက်ကြီးရွယ်အိုများ၏ ဘေးဒုက္ခပင် ဖြစ်သည်။ ရခိုင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ သက်ကြီးရွယ်အိုများကို ဦးထိပ်ထား ပူဇော် ကန်တော့လေ့ရှိကြသော်လည်း လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများကြောင့် အချို့သော သက်ကြီးရွယ်အိုများမှာ ကူညီစောင့်ရှောက်မည့်သူမရှိဘဲ အငတ်ဘေးနှင့်ပါ ရင်ဆိုင်နေကြရ သည်။

ယခုလေ့လာဆန်းစစ်ချက်သည် ဒေသတွင်းမီဒီယာများ၏ အစီရင်ခံစာများ၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ထုတ်ပြန်ချက် များ၊ မိမိတို့ အာရက္ခလေ့လာရေးစင်တာမှ ကောက်ယူထားသည့်အချက်အလက်များကို အဓိက အခြေခံ၍ ရခိုင်ပြည်နယ်ရှိ သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အခက်အခဲများကို စနစ်တကျ ပြုစုရေးသားထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက် အကျဉ်းချုပ်

### မေလ ၂၀၂၄ ခုနှစ်

**(၁) တိုက်ပွဲတွေကြောင့် အိုးအိမ်စွန့်ခွာရသူ သုံးသန်းကျော်ရှိပြီလို့ ကုလထုတ်ပြန် (Voice of Myanmar)**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသည့် ဒေသခံ ပြည်သူ သုံးသန်းကျော်အထိ ရှိလာပြီဖြစ်ကြောင်းကို ကုလသမဂ္ဂမြန်မာရုံး၏ မေလ ၄ ရက်၊ နံနက်အစောပိုင်းက ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ရခိုင်ပြည်နယ်တွင်လည်း လူဦးရေ သုံးသိန်းငါးသောင်းခြောက်ထောင်ဝန်းကျင် အိုးမဲ့အိမ်မဲ့ ဖြစ်နေ ကြရပြီး ယင်းဒေသများနှင့် တခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် (IDPs) များထံဆီ အကူအညီများ ရောက်နိုင်ရေး အရေးကြီးကြောင်းကိုလည်း ကုလသမဂ္ဂကအဖွဲ့မှ သတိပေးထားသည်ကိုလေ့လာရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်လျှင် လူဦးရေပေါင်း ၁၈ ဒသမ ၆ သန်းခန့်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်ရှိနေပြီး ၎င်းအိုးအိမ်မဲ့လူသုံးသန်းသည် အသက်ရှင်ရပ်တည်ဖို့ ရုန်းကန်နေကြရ ကြောင်းကို ထိုထုတ်ပြန်ချက်တွင် တင်ပြထားသည်။

## ဇွန်လ ၂၀၂၄ ခုနှစ်

**(၂) ဗျိုင်းဖြူရွာသားများ သေဆုံးမှုအတွက် စစ်ကောင်စီကို လက်စားချေမည်ဟု AA ပြော (Western News)**

စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က စစ်တွေမြို့နယ် ဗျိုင်းဖြူရွာက အရပ်သား ၂၀၀ ခန့်ကို ဖမ်းဆီးပြီး ယင်းအထဲမှ ၅၃ ဦးကို အစုလိုက်အပြုံလိုက် နှိပ်စက်ညှဉ်းပန်းကာ ရက်ရက်စက်စက် အကြမ်းဖက် သတ်ဖြတ်မှုအပေါ် လက်စားချေတုံ့ပြန်သွားမည်ဟု AA က သတိပေးပြောကြားလိုက်သည်။

ဗျိုင်းဖြူရွာမှ ထွက်ခွင့်ရသော ကလေး၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုအချို့ကို စစ်တွေမြို့ထဲသို့ ခေါ်ယူကာ ဘုရားကြီးအနီး ဝက်ပါကွင်း၌ လူ့ဂုဏ်သိက္ခာနှင့်မညီသော တဲအိမ်ငယ်များဖြင့် စစ်ကောင်စီက ဆက်လက် ပိတ်လှောင်ထားသည်။

## ဇူလိုင်လ ၂၀၂၄ ခုနှစ်

**(၃) သံတွဲနှင့် ပေလီမှာ အမျိုးသမီး၊ သက်ကြီးရွယ်အို အပါအဝင် လူ ၃၃ ဦး ပျောက်ဆုံးနေ (Western News)**

စစ်ရေးပြင်းထန်နေသော ရခိုင်ပြည် သံတွဲမြို့နယ်မှာ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ အပါအဝင် အရပ်သား ၃၃ ဦး မိသားစုဝင်များနှင့် အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေကြောင်း စုံစမ်းသိရသည်။

"အမေက ဒေါ်ခင်ထွေး အသက် ၇၀၊ အငယ်ကောင်က ဝေဖြိုးအောင် အသက် ၂၇ ပညာရေးရုံးက ဝန်ထမ်းတွေပါ။ အမေက အသက်ကြီးတော့ မြို့က ရှောင်မလိုပါပဲ။ သေနတ်သံတွေ ကြောက်လို့ အပြင်မထွက်ရဲတာနဲ့ ရုံးမှာပဲနေကြတာ။ ဇူလိုင် ၁၂ ရက်နေ့က အဆက်အသွယ် ရပါသေးတယ်။ နောက်နေ့ကစပြီး ဒီနေ့အထိ လုံးဝမရတော့ဘူး။ အရမ်းစိတ်ပူလို့ပါရှင့် ဆက်သွယ်လို့ရရင် ကူညီပေးကြပါ။" ဟု ပြောသည်။

အမှတ် (၆) ရပ်ကွက်၊ ဗောဓိကုန်းကန်ဘက်လမ်းနှင့် ပတ္တမြားလမ်းက အသက် ၇၂ နှစ်အရွယ် ဒေါ်ခင်ရီ (ခေါ်) ဒေါ်စိန်နီနှင့် အသက် ၇၈ နှစ်အရွယ် ဦးမြင့်ရွှေတို့ ဇနီးမောင်နှံလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

### ဩဂုတ်လ ၂၀၂၄ ခုနှစ်

**(၄) ရခိုင်ပြည်ရှိ သက်ကြီးရွယ်အိုများအတွက် နေအိမ်များသည် လူ့ဒါန်းမှုများ ကျဆင်းလာသောကြောင့် ရုန်းကန်နေရ (Development Media Group)**

စစ်အစိုးရတပ်နှင့် အာရက္ခတပ်တော် (AA) အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဒေသခံများစွာ ထွက်ပြေးလာကြပြီးနောက် လှူဒါန်းမှုများ ကျဆင်းလာသောကြောင့် ရခိုင်ပြည်ရှိ သက်ကြီးရွယ်အိုများအတွက် နေအိမ်များအတွက် ရုန်းကန်နေရသည်။

စစ်တွေ၊ တောင်ကုတ်၊ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မာန်အောင်မြို့များရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနများကို ယခင်က လစဉ် (သို့မဟုတ်) ရေရှည်လှူဒါန်းမှုများ ပြုလုပ်သောအလှူရှင်များက ထောက်ပံ့ပေးခဲ့ကြသည်။ သို့သော် ဒေသခံများစွာသည် တိုက်ပွဲများမှ ထွက်ပြေးတိမ်းရှောင်လာကြပြီးနောက် အကူအညီအနည်းငယ်သာ ရရှိခဲ့သည်။

ရခိုင်ပြည်၏ မြို့တော် စစ်တွေရှိ သက်ကြီးရွယ်အိုများအတွက် နေအိမ်တစ်ခုကို တာဝန်ယူထားသူ ဦးစောဝင်းက "အခုဆိုရင် စစ်တွေမြို့မှာ ကျန်ရှိနေတဲ့သူတွေဆီကနေ လှူဒါန်းမှုတွေ တောင်းခံနိုင်တယ်။ ဒါပေမယ့် လှူဒါန်းမှု အနည်းငယ်သာရရှိပြီး [အရန်ငွေ] ရန်ပုံငွေထဲကနေ သုံးစွဲနေရတယ်" ဟု ပြောကြားခဲ့သည်။

### ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်

**(၅) စစ်ကောင်စီ ဗုံးကြဲ၍ သံတွဲမှာ သက်ကြီးပိုင်းအမျိုးသမီးတစ်ဦး ဒဏ်ရာရ (Western News)**

ရခိုင်ပြည် သံတွဲမြို့ပေါ်ရပ်ကွက်များကို အာဏာသိမ်း စစ်ကောင်စီက ဒီဇင်ဘာလ ၁၇ ရက်နေ့လယ်ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်ခဲ့၍ အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရ ရှိသွားကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရသူ အမျိုးသမီးမှာ မြို့ပေါ် (၇) ရပ်ကွက်မှ အသက် ၆၉ နှစ်နှစ်အရွယ် ဒေါ်ခင်မေရီ ဖြစ်ပြီး၊ မျက်နှာနှင့် မျက်စိနားမှာ ဗုံးစထိမှန်သွားကြောင်း သိရသည်။

## ဇန်နဝါရီလ ၂၀၂၅ ခုနှစ်

### (၆) ရမ်းဗြဲ ကျောက်နီမော် ဗုံးကြဲခံရမှု သေဆုံးသူ ၂၆ ဦး၊ ဒဏ်ရာရရှိသူ ၂၇ ဦးနှင့် နေအိမ်ပေါင်း ၃၉၈ လုံး မီးလောင်ပျက်စီးဟု AA ထုတ်ပြန် (Western News)

ရခိုင်ပြည် ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်တိုက်နယ်ကျေးရွာသည် စစ်ကောင်စီ၏ လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုကိုခံရ၍ အပြစ်မဲ့အရပ်သား ၂၆ ဦးသေဆုံးပြီး၊ ဒဏ်ရာရရှိသူ ၂၇ ဦးနှင့် လူနေအိမ်ပေါင်း ၃၉၈ လုံး မီးလောင်ကျွမ်းပျက်စီးသွားကြောင်း အာရက္ခတပ်တော် AA မှ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုကြောင့် ရွာတောင်ပိုင်းရပ်ကွက်၊ ရွာအလယ်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်တို့ကို မီးအပြင်းအထန်လောင်ကျွမ်းခဲ့ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးငယ်အများအပြား မီးထဲပါ သွားခဲ့ကြောင်း AA က ဆိုသည်။

### (၇) ရခိုင်ပြည်နယ် တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာသူတွေတိုး (Voice of America-Burmese)

ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေအနီးမှာ စစ်ကောင်စီနှင့် အာရက္ခတပ်တော် AA တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ထောင်နှင့်ချီသောမြို့ခံများသည် ဘေးလွတ်ရာသို့ ထွက်ပြေးနေကြရကြောင်းကို အကူအညီပေးနေသူများနှင့် ဒေသခံများ က ပြောပါသည်။

"စစ်ဘေးရှောင်တွေအတွက် စားဝတ်နေရေးအခက်အခဲတွေနဲ့ နေ့စဉ်နဲ့အမျှ ရင်ဆိုင်နေကြရပါတယ်။ စစ်ဘေးဒုက္ခသည်တွေထဲမှာ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီး ရွယ်အိုတွေ နာမကျန်းသူတွေနဲ့ နာတာရှည်ရောဂါသည်တွေလည်း ပါပါတယ်။

ကျန်းမာရေးမကောင်းသူတွေအတွက် ဆေးဝါးရရှိဖို့ အရေးတကြီးလိုအပ်နေသလို ဆောင်းရာသီမှာ အဝတ်အထည်၊ စောင်နဲ့ အမိုးအကာတွေလည်း လိုအပ်နေတယ်"ဟု ရခိုင်စစ်ဘေးဒုက္ခသည် အရေးဆောင်ရွက်နေသော ကိုဝေဟင်အောင်က ပြောပါသည်။

"ဒီကာလကလည်း သိတဲ့အတိုင်းပဲ။ ဆောင်းရာသီဆိုတော့ ကျနော်တို့ဘက်မှာ အအေးက ပိုလာတယ်။ စစ်ဘေးရှောင်တွေက တိုးလာတဲ့အတွက်ကြောင့် စစ်ဘေးရှောင်တွေက အနွေးထည် လိုအပ်ချက်ရယ် ပြီးတော့ စောင်လိုအပ်ချက်ရယ်၊ အမိုးအကာလိုအပ်ချက်က တော်တော်ကြီး ကြီးမားမားဖြစ်လာတယ်။ တခြား တဖက်မှာကျရင် အအေးတိုးလာတာနဲ့အမျှ ကျန်းမာရေး စောင့်ရှောက်မှုက သိသိသာသာလိုအပ်လာတာကို မြေပြင်မှာ တွေ့နေရတယ်ခင်ဗျာ။"



၂၀၂၅ ခုနှစ်၊ မေလ အတွင်း စစ်ကောင်စီ၏ လေကြောင်းအန္တရာယ်မှ ကင်းလွတ်စေရန် ထွက်ပြေးတိမ်းရှောင်လာကြသော စစ်ရှောင် သက်ကြီးရွယ်အိုအမျိုးသမီးများအား တွေ့ရစဉ် (ဓါတ်ပုံ-DMG)

## မေလ ၂၀၂၅ ခုနှစ်

**(၈) မင်းပြားမြို့သိမ်းတိုက်ပွဲက ဖမ်းမိသည့် စစ်သုံ့ပန်း မိသားစုဝင် ၂၃၀ ခန့်ကို AA လွှတ်ပေး (Western News)**

ရခိုင်ပြည်၊ မင်းပြားမြို့သိမ်းတိုက်ပွဲအတွင်းက ဖမ်းဆီးရမိထားသည့် စစ်သုံ့ပန်း မိသားစုဝင် ၂၂၅ ဦးကို အာရက္ခတပ်တော် (AA) က မေလ ၁၆ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် လွှတ်ပေးလိုက်ကြောင်း သိရသည်။

စစ်သုံ့ပန်းမိသားစုဝင် ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကို ဒုတိယအကြိမ်မြောက် အာရက္ခတပ်တော် (AA)မှ အခမ်းအနားပြုလုပ်ပြီး လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း စစ်ရေး သတင်းရင်းမြစ်များက ပြောသည်။

## ဇူလိုင်လ ၂၀၂၅ ခုနှစ်

### (၉) ကျောက်ဖြူတွင် စစ်တပ်အနီးမှ စစ်ရှောင်သွားကြသည့်ဒေသခံများ၏ ကျွဲ၊ နွားများအား စစ်တပ်က ဖမ်းဆီးစားသောက်နေ (Narinjara)

ရခိုင်ပြည်၊ ကျောက်ဖြူမြို့နယ်တွင် စစ်တပ်အနီးမှ စစ်ရှောင်သွားကြသည့် ဒေသခံများ၏ ကျွဲ၊ နွားများကို စစ်ကောင်စီတပ်က ရိက္ခာအဖြစ် ဖမ်းဆီးစားသောက်နေကြောင်း သတင်းရရှိသည်။

ကျောက်ဖြူမြို့နယ်ရှိ ဂုံးချွိန်တိုက်နယ်နှင့် သစ်ပုတ်တောင်တိုက်နယ်တို့မှ စစ်ကောင်စီတပ်ရင်းများ အနီးမှ ဒေသခံများသည် စစ်ရှောင်သွားကြစဉ် ကျန်ရှိခဲ့သည့်နေအိမ်များနှင့် ကျွဲ၊ နွားများအား စောင့်ရှောက်ရန် သက်ကြီးပိုင်းများ ကျန်နေခဲ့ကြသည်ဟု သိရသည်။ အသက်မွေးဝမ်းကျောင်း အတွက် အရေးပါသည့် ကျွဲ၊ နွားများကို စစ်တပ်က မတရားဖမ်းဆီး စားသောက်နေသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း အသက် (၅၀) ကျော်အရွယ် အမျိုးသားတစ်ဦးက နိရဥ္စရာကို ပြောသည်။

"မိသားစုတွေကတော့ စစ်ရှောင်နေကြတယ်။ ကျနော်တို့လို သက်ကြီးပိုင်းအရွယ်တွေက အသက် အန္တရာယ်ကိုမငဲ့ဘဲ ရွာမှာရှိတဲ့ တိရစ္ဆာန် ကြက်၊ ဝက်၊ ကျွဲ၊ နွားကို စောင့်ရှောက်ဖို့၊ ကိုယ့်အိမ်ကိုယ် ယာကို စောင့်ရှောက်ဖို့ နေခဲ့တယ်။ အခု နွားကျောင်းထွက်တာနဲ့ နွားက ပြန်မလာတော့ဘူး။ ရှိတာ က တစ်ကောင်နှစ်ကောင်။ ပြန်လို့လည်း မဝယ်နိုင်ဘူး။ စိတ်မကောင်းဘူး" ဟု ပြောသည်။

## ဩဂုတ်လ ၂၀၂၅ ခုနှစ်

### (၁၀) မြောက်ဦးဗုံးကြဲခံရမှု သေဆုံးသူ ၁၂ ဦးထိရှိလာပြီး ယနေ့သင်္ဂြိုဟ်မည်ဟုသိရ (Western News)

ရခိုင်ပြည် မြောက်ဦးမြို့၊ အောင်တပ်အုပ်စု၊ ဒိုင်းကျီကျေးရွာကို ဩဂုတ်လ ၂၅ ရက်၊ ည ၁၁ နာရီ ၃၀ မိနစ်တွင် စစ်ကောင်စီတပ်က ပေါင် ၅၀၀ ဗုံးနှစ်လုံးဖြင့် လာရောက်တိုက်ခိုက်ခဲ့၍ အပြစ်မဲ့ အရပ်သားပြည်သူ ၁၂ ဦးအထိသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၄ ဦးထက်မနည်း ရှိကြောင်း ဒေသခံများထံမှ ကနဦး သတင်းရရှိထားသည်။

စစ်ကောင်စီက ဂျက်ဖိုက်တာတစ်စီးဖြင့် နှစ်ကြိမ်တိုင် ဗုံးလာကြဲတိုက်ခိုက်ခဲ့ပြီး လူအိပ်ချိန်တွင် ဗုံးကြဲသွားခြင်းဖြစ်ကာ၊ ထိုတိုက်ခိုက်မှုကြောင့် လူနေအိမ် ၁၀ ကျော် ထိခိုက်ပျက်စီးသွားပြီး၊ နေအိမ် ၆ ဆောင်မှာ ရစရာမရှိအောင် လုံးဝပျက်စီးသွားကြောင်းသိရသည်။

သေဆုံးသွားသူများထဲတွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ ပါဝင်သကဲ့သို့ ဒဏ်ရာရရှိသူများထဲတွင်လည်း အသက်အန္တရာယ်စိုးရိမ်သူများ ရှိနေကြောင်း သိရသည်။

## နိုဝင်ဘာလ ၂၀၂၅ ခုနှစ်

### (၁၁) ရခိုင်ကို စစ်ကောင်စီ ဗုံးကြဲတိုက်ခိုက်မှု နှစ်ရက်အတွင်း အရပ်သား ၁၂ ဦးသေဆုံးပြီး ၃၁ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိ (Western News)

အောက်တိုဘာလ ၃၀ ရက်နှင့် ၃၁ ရက်နေ့တို့တွင် ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူ၊ ပေါက်တောနှင့် စစ်တွေမြို့နယ်တို့ကို စစ်ကောင်စီသည် လေကြောင်းနှင့် ဒရုန်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုများကြောင့် ရသေ့တောင်မြို့နယ်မှ ၁ ဦး၊ ကျောက်ဖြူမြို့နယ်မှ ၆ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ၄ ဦးနှင့် ပေါက်တောမြို့နယ်မှ ၁ ဦးတို့မှာ သေဆုံးခဲ့ရသည်။ ဒဏ်ရာရရှိသူများမှာ ကျောက်ဖြူမြို့နယ်မှ ၁၈ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ၉ ဦး၊ ပေါက်တောမြို့နယ်မှ ၂ ဦးနှင့် ရသေ့တောင်မြို့နယ်မှ ၂ ဦးတို့ဖြစ်ပြီး အရေးပေါ်ဆေးကုသမှု ခံယူနေရကြောင်းသိရသည်။

ထိခိုက်သေဆုံးသူများထဲတွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများပါဝင်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း စစ်ကောင်စီသည် ရခိုင်ပြည်ကို နေ့စဉ်ရက်ဆက် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်နေသည်။

### (၁၂) မောင်တောမြို့နယ်တွင် ARSA အကြမ်းဖက်အဖွဲ့က သတ်ဖြတ်လို့ သက်ကြီးပိုင်း အမျိုးသားတစ်ဦး သေဆုံး (Narinjara)

အာရက္ခဒေသ၊ မောင်တောမြို့နယ် ငွေတောင်ကျေးရွာအနီးတွင် နိုဝင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းက အစွန်းရောက်စစ်သွေးကြွအကြမ်းဖက် ARSA အဖွဲ့ကသတ်ဖြတ်၍ သက်ကြီးပိုင်း အမျိုးသားတစ်ဦး သေဆုံးသွားခဲ့သည်။

သေဆုံးသွားသည့် အမျိုးသားမှာ ငွေတောင်ကျေးရွာဒေသခံ ဦးရွှေသိန်း (၆၃) နှစ်ဖြစ်ပြီး၊ ယင်းနေ့ နံနက်ကိုးနာရီကျော်ခန့်အချိန်တွင် ရွာနှင့်တစ်မိုင်ကျော်ခန့် ဝေးသည့်နေရာ၌ နွားကျောင်းရန်သွားစဉ် ARSAအကြမ်းဖက်များ၏ သတ်ဖြတ်မှုကို ခံလိုက်ရခြင်းဖြစ်ကြောင်း သိရပါသည်။

## ဇန်နဝါရီလ ၂၀၂၆

**(၁၃) အာရက္ခတပ်တော် AA ထိန်းချုပ်နေရာတွေမှာ စစ်ရှောင်တွေ အကူအညီရရှိမှု ပိုပြီး လျော့နည်းလာပြီး အကျပ်အတည်းတွေနဲ့ ရင်ဆိုင်လာနေရ ( ရုပ်သံ) (Western News)**

လူသားချင်းစာနာထောက်ထားကူညီမှုကို အာဏာသိမ်း စစ်ကောင်စီက ပိတ်ထားခြင်းသည် စစ်ရှောင်များအတွက် ပိုပြီးဆိုးရွားသည့်အခြေအနေတစ်ခုကို ဦးတည်နေကြောင်း စစ်ရှောင်အရေး ကူညီနေသူများက ပြောပါသည်။

ရခိုင်ပြည်မှာ စစ်ကောင်စီထိန်းချုပ်ထားသည့်နေရာများနှင့် အာရက္ခတပ်တော် (AA) ထိန်းချုပ်ထားသည့်နေရာများတွင် စစ်ရှောင်ပြည်သူ ၅ သိန်းနီးပါး ရှိနေပြီး၊ ယင်းအထဲမှာ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အများဆုံးပါဝင်နေသည်။

**(၁၄) ကျောက်ဖြူတွင် ဗုံးကြဲခံရသည့်စစ်ရှောင်စခန်းမှ ဒဏ်ရာပြင်းသည့်သက်ကြီးပိုင်း အမျိုးသမီး သေဆုံး (Narinjara)**

အာရက္ခပြည်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ကလေကျေးရွာအနီးရှိ စစ်ဘေးရှောင်စခန်းကို စစ်ကော်မရှင်လေတပ်က ညဥ့်အချိန်ဗုံးကြဲ၍ ဒဏ်ရာရသွားသူများအနက် ဒဏ်ရာပြင်းထန်သည့် သက်ကြီးပိုင်းအမျိုးသမီးသည် သေဆုံးသွားပြီဟု သိရသည်။

သေဆုံးသွားသည့် သက်ကြီးပိုင်းအမျိုးသမီးမှာ ကျောက်ဖြူမြို့နယ်၊ ပျားတဲကျေးရွာမှ အသက် (၉၀) ကျော်အရွယ် ဒေါ်အောင်မြတ်နုဖြစ်သည်။

သူမသည် သူမနေထိုင်ရာ စစ်ဘေးရှောင်စခန်းဗုံးကြဲခံရမှုအတွင်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည့် အတွက် ဆေးကုသမှုခံယူနေစဉ် ဇန်နဝါရီလ ၁၈ ရက်၊ ည ၁၁ နာရီခန့်တွင် သေဆုံးသွားခြင်းဖြစ်သည်။

## ဖေဖော်ဝါရီလ ၂၀၂၆ ခုနှစ်

**(၁၅) ကျောက်ဖြူတွင် အကြမ်းဖက်ရေတပ် နေဗီမှ လက်နက်ကြီး ပစ်ခတ်မှုကြောင့် သက်ကြီးပိုင်းအမျိုးသမီးတစ်ဦး သေဆုံး (One Nation News)**

အာရက္ခပြည်၊ ကျောက်ဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညပိုင်းက အကြမ်းဖက်စစ်ကော်မရှင်ရေတပ်(နေဗီ)မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် သက်ကြီးပိုင်းအမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း ဒေသခံများထံမှ သိရသည်။

သေဆုံးသွားသူမှာ ကျောက်ဖြူမြို့နယ်၊ ကျောက်ပြောက်ကျေးရွာမှ ဒေါ်စောဖြူမ အသက် (၈၀) နှစ်ဖြစ်ပြီး၊ အကြမ်းဖက်နေဗိုမှ ပစ်ခတ်သော လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပွဲချင်းပြီးသေဆုံးသွားခြင်း ဖြစ်သည်။

## ဧပြီလ ၂၀၂၆ ခုနှစ်

**(၁၆) မိုးသက်လေပြင်းတိုက်ခိုက်မှုကြောင့် ပုဏ္ဏားကျွန်းစစ်ရှောင်စခန်းများတွင် နေအိမ် အဆောင်အချို့ ပျက်စီး (One Nation News)**

အာရက္ခပြည်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ဧပြီလ ၂၉ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် အတူ လေပြင်းတိုက်ခတ်မှုတို့ကြောင့် စစ်ဘေးရှောင်စခန်းများအတွင်းရှိ နေအိမ်များ ထိခိုက် ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းကြောင့် စစ်ရှောင်ပြည်သူများမှာ မိုးရွာချိန်တွင် နေရာထိုင်ခင်းမလုံလောက်ခြင်း၊ အိပ်စရာ နေရာမရှိခြင်းများကို ကြုံတွေ့နေရပြီး၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ အခက်အခဲ များဖြင့် ပိုမိုကြုံတွေ့နေရသည်ဟု ဆိုသည်။

## ဇူလိုင်လ ၂၀၂၆ ခုနှစ်

**(၁၇) ဘဝရဲ့ နေဝင်ချိန်ကို အားကိုးရာမဲ့စွာ ဖြတ်သန်းနေရတဲ့ သက်ကြီးရွယ်အိုတွေ (DMG)**

တစ်ချိန်က မိသားစုဝင်များ၏ အားကိုးရာဖြစ်ခဲ့သော လက်နှစ်ဖက်သည် ယခုအချိန်တွင်မူ မိမိ ကိုယ်ကိုယ်ပင် အားကိုးလို့မရတော့သည့် အရွယ်ကို ရောက်နေပါပြီဖြစ်ပါသည်။ ဟောင်းနွမ်း ယိုယွင်းနေသော အိမ်လေးတစ်လုံး၏ အောက်မှာ အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတစ်ယောက် သည် အပြင်ဘက်ကို ငေးကြည့်ရင်း တိတ်ဆိတ်စွာ ထိုင်နေကြပါသည်။

၎င်းတို့၏မျက်နှာပေါ်တွင် အပြုံးမရှိ မျက်ဝန်းထဲမှာတော့ မျှော်လင့်ချက်ထက် စိုးရိမ်ပူပန်မှုတွေ ပို၍ ထင်ဟပ်နေပါသည်။။ သူတို့နှစ်ယောက်မှာ မြောက်ဦးမြို့နယ်၊ ကျောက်ကျပ်ကျေးရွာက ဦးစိုး ထွန်သာ (အသက် ၈၈ နှစ်) နဲ့ ဒေါ်လှရွှေဖြူ (အသက် ၇၈ နှစ်) တို့ ဖြစ်ပါသည်။

**(၁၈) ရခိုင်မှာ မိသားစုနောက်ခံမရှိတဲ့ သက်ကြီးပိုင်းတွေ အငတ်ဘေးနဲ့ရင်ဆိုင်နေရ (ရုပ်သံ) (Western News)**

အာရက္ခပြည်တွင် အကြမ်းဖက်စစ်ကောင်စီနှင့် အာရက္ခတပ်တော် (AA) တို့ကြား တကျော့ပြန် တိုက်ပွဲများ စတင်ခဲ့သည့်၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ပြည်တွင်း ကုန်စည်စီးဆင်းမှုများနှင့် ကုန်းလမ်း၊ ရေလမ်းအားလုံးကို စစ်ကောင်စီက ဖြတ်တောက်ပိတ်**ဆို့**ထားသည်မှာ ယနေ့တိုင် ဖြစ်သည်။

ယခုကဲ့သို့ အကြမ်းဖက်စစ်ကောင်စီ၏ နှစ်ရှည်ပိတ်ဆို့မှုဒဏ်ကို ခံနေရသည့် အာရက္ခပြည်တွင် ဒေသတွင်းနေထိုင်သူ အတော်များများမှာ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြင့် ရင်ဆိုင်နေကြရသည်။

အထူးသဖြင့် မိသားစုနောက်ခံမရှိသည့် သက်ကြီးရွယ်အိုများနှင့် စစ်ဘေးဒုက္ခသည်စခန်းများတွင် နေထိုင်ကြသူများသည် စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသည့်အပြင် အစာအာဟာရချို့တဲ့ မှုများနှင့်ပါ ရင်ဆိုင်နေရကြောင်း ဒေသခံများက ပြောဆိုသည်။

ယခုရက်ပိုင်းအတွင်းမှာပင် ပုဏ္ဏားကျွန်းမြို့နယ်၊ တောင်နားရွာတွင် စစ်ဘေးရှောင်နေသည့် အသက် (၈၀) ကျော်အရွယ်သက်ကြီးပိုင်းတစ်ဦး ကြိုးဆွဲချအဆုံးစီရင်သွားကြောင်း ရခိုင်ဒေသခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

**(၁၉) မုံးဆိုးနှင့် အငတ်ဘေးကြားက တုန်ရီနေသော သက်ကြီးလက်များ (ဆောင်းပါး) (Western News)**

ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုး၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရရှာသည့် အဘိုးအိုတစ်ဦးရှိသည်။ ပုဏ္ဏား ကျွန်းမြို့နယ် တောင်နားရွာတွင် စစ်ဘေးရှောင်နေသည့် အသက် (၈၀) ကျော်အရွယ် အဘိုးအိုတစ် ဦး၏ ဖြစ်စဉ်က ရခိုင်ဒေသအတွင်းရှိ သက်ကြီးပိုင်းများ ရင်ဆိုင်နေရသည့် အသက်ရှင်ရပ်တည် ရေး အကျပ်အတည်းကို မီးမောင်းထိုးပြနေသည်။

ယင်းအပြင် ထမင်းငတ်ပြီး အသံပင်မထွက်နိုင်တော့သည့် သက်ကြီးဇနီးမောင်နှံလည်း ရှိနေသည်။ မြေပြင်တွင် အလားတူ ခါးသီးသည့်ဖြစ်ရပ်များစွာ ရှိနေသေးသည်။ မြောက်ဦးမြို့နယ် ကျောက် ကျပ်ကျေးရွာမှ အသက် (၇၈) နှစ်အရွယ် အဘွားနှင့် အသက် (၈၇) နှစ်အရွယ် အဘိုးတို့ သက်ကြီး ဇနီးမောင်နှံနှစ်ဦးမှာ သမီးဖြစ်သူကွယ်လွန်သွားခဲ့ပြီး ပြည်ပရောက်သားဖြစ်သူနှင့်လည်း အဆက်အသွယ်ပြတ်တောက်နေသဖြင့် နှစ်ယောက်တည်း ရုန်းကန်နေရသည်။

ရခိုင်တွင် မိဘမဲ့ကလေးငယ်များကို ပြုစုစောင့်ရှောက်ပေးသည့် "ဂေါတမီရင်ခွင်" ကဲ့သို့ အိုမင်းမစွမ်းဖြစ်ပြီး ထောက်ပံ့မည့်မိသားစုမရှိတော့သည့် အဘိုးအဘွားများအတွက် ခိုလှုံစောင့်ရှောက်ပေးမည့် ဘိုးဘွားရိပ်သာကဲ့သို့သောနေရာများ အရေးပေါ်လိုအပ်နေပြီဟု ဒေသခံလူငယ်များက ထောက်ပြကြသည်။

## ဩဂုတ်လ ၂၀၂၆

### (၂၀) ရေကြီးချိန် အကူအညီမဲ့ခဲ့သည့် မြောက်ဦးက အဘိုးအို ကွယ်လွန် (Western News)

ရခိုင်ပြည်၊ မြောက်ဦးမြို့နယ်၊ ကျောက်ကျပ်ကျေးရွာတွင် ရေကြီးခဲ့စဉ်က စားစရာမရှိဘဲ အာဟာရချို့တဲ့ကာ နေမကောင်းဖြစ်နေသည့် အသက် ၈၇ နှစ်အရွယ် အဘိုးအိုမှာ ဩဂုတ်လ ၃၀ ရက်နေ့ညအချိန်တွင် ကွယ်လွန်သွားကြောင်း ဒေသခံများထံမှသိရသည်။

အဘိုးအိုမှာ အသက် (၇၈) နှစ်အရွယ်ဇနီးဖြစ်သူနှင့်အတူ နေထိုင်သူဖြစ်ပြီး ထောက်ပံ့ပေးမည့် သားသမီး၊ မိသားစုနောက်ခံမရှိသည့်အတွက် ရေကြီးမှုကာလအတွင်း စားဝတ်နေရေး အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။ အဘိုးဖြစ်သူမှာ အစာအာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိမှုများကြောင့် အလွန်အားနည်းကာ နေမကောင်းဖြစ်နေခဲ့ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

"စားစရာမရှိတာကြောင့် ထမင်းငတ်နေတာ။ သားသမီးတွေလည်း တစ်ယောက်မှမရှိဘူး။ အဘိုးကတော့ အာဟာရချို့တဲ့ပြီးတော့ နေမကောင်းဖြစ်နေတယ်။ အသံတောင် မထွက်နိုင်တော့ဘူး။ အခုတော့ မနေ့က ကွယ်လွန်သွားပါတယ်။ အရမ်းစိတ်မကောင်းဖြစ်ရပါတယ်" ဟု ဆိုသည်။

## စက်တင်ဘာလ ၂၀၂၆

### (၂၁) "ငရဲကျနေရသလိုပါပဲ" - စစ်ကောင်စီထိန်းချုပ်ထားသည့် စစ်တွေမြို့ (Western News)

လက်ရှိ စစ်တွေမြို့ပေါ်ရှိ ဒေသခံများသည် စားဝတ်နေရေး ကျပ်တည်းမှုဒဏ်ကို အလူးအလဲ ခံစားနေကြရပြီး ထမင်းနပ်မမှန်သူများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာနေသည်။

အထူးသဖြင့် တစ်နေ့လုပ်မှ တစ်နေ့စားရသူများမှာ လုပ်ကိုင်စရာအလုပ်အကိုင် မရှိတော့သည့်အပြင် မိုးပေါ်ထိုးတက်နေသော ကုန်ဈေးနှုန်းများကြောင့် ဘဝကို မည်သို့ဆက်လက်ရပ်တည်ရမည်ကိုပင် မသိတော့သည့်အခြေအနေ ဖြစ်နေသည်ဟု စစ်တွေမြို့ခံတစ်ဦးကဆိုသည်။

စားဝတ်နေရေး အခက်အခဲသည် အရွယ်ရောက်ပြီးသူများထံတွင်သာ ရပ်မနေတော့ဘဲ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုအဘိုးအဘွားများအထိ ရောက်ရှိလာသည်။

အချို့မှာ အသက်ရှင်သန်ရေးအတွက် လမ်းဘေးတွင် တောင်းရမ်းစားသောက်နေကြရသည်အထိ အခြေအနေ ဆိုးဝါးလာနေသည်ဟု ဒေသခံများက ပြောသည်။

**(၂၂) သံတွဲတွင် ဆေးဝါးရှားပါးမှုနှင့် ကျန်းမာရေးဝန်ထမ်းနည်း၍ ဒေသခံများ အခက်အခဲနှင့် ရင်ဆိုင်နေရ (DMG)**

အာဏာသိမ်းစစ်တပ် ဖုံးကြဲနေသည့် ရခိုင်ပြည်၊ သံတွဲမြို့နယ်တွင် ဆေးဝါးရှားပါးမှုနှင့် ကျန်းမာရေး ဝန်ထမ်းနည်းပါးမှုတို့ကြောင့် ဒေသခံများမှာ ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ အခက်အခဲများ ရင်ဆိုင်နေကြရကြောင်း သိရသည်။

ဆေးဝါးရှားပါးမှုသည့်အပြင် ဈေးနှုန်းနှစ်ဆခန့် ကြီးမြင့်နေပြီး အထူးသဖြင့် နာတာရှည်ရောဂါသည်များမှာ ပုံမှန်သောက်နေကျ ဆေးဝါးအလွယ်အတူ ဝယ်ယူမရ၍ ပိုအခက်အခဲကြုံရသည်ဟု သံတွဲဒေသခံများက "ဆေးချိုတို့ သွေးတိုးသမားတို့လို ဆေးမပြတ်သောက်နေကြရတဲ့ သူတွေကတော့ ဆေးတွေကုန်သွားရင် ဝယ်ဖို့ရှာကြရတာ အရမ်းခက်ခဲတယ်။ ဆေးခန်းတွေမှာ သွားပြကြရင်လည်း ဆေးခန်းတွေမှာလည်း မရှိဘူး။ ဆေးစာနဲ့ ဆိုင်တွေမှာ သွားဝယ်ရင်လည်း မရှိတဲ့ဆိုင်တွေက များတယ်။ ဆေးရှိတဲ့ ဆိုင်တွေ ဆိုရင်လည်း ပုံမှန် ၂ ထောင်ကျပ်တန်တဲ့ ဆေးကဒ်က ၄ ထောင်ပေးပြီး ဝယ်ကြရတယ်" ဟု ပြောသည်။

**(၂၃) စစ်တွေနှင့်ပုဏ္ဏားကျွန်းအစပ် တိုက်ပွဲများရှိလာပြီး လေကြောင်းကြောင့် သက်ကြီးပိုင်း ၂ ဦး သေဆုံး (Myanmar Now)**

ရခိုင်ပြည်နယ် မြို့တော်စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ် နှစ်ခု၏အစပ်တွင် စစ်တပ်က ဒရုန်းများဖြင့် တိုက်ခိုက်နေ၍ အာရက္ခတပ်တော် (AA) နှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။ လေကြောင်းနှင့် ဒရုန်းတိုက်ခိုက်မှုများကြောင့်နှစ်ရက်အတွင်း အရပ်သားနှစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိသွားကြောင်း စုံစမ်းသိရသည်။

ယမန်နေ့ညပိုင်းနှင့် ယနေ့ နံနက်အစောပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာတစ်ရွာနှင့် ဂွမြို့နယ် ကျိန္တလီမြို့ပေါ်တို့ကို နှစ်ရက်ဆက်တိုက် လေယာဉ်၊ ဒရုန်းတို့ဖြင့် တိုက်ခိုက်ခဲ့သောကြောင့် သက်ကြီးပိုင်းအရွယ်နှစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရသွားကြောင်း ဒေသခံများထံက သိရသည်။ ယနေ့ နံနက် ၂ နာရီကျော် လူများအိပ်မောကျနေချိန် ပုဏ္ဏားကျွန်းမြို့နှင့် လေးမိုင်

ကျော်ဝေးကွာသည့် ကျောက်ဆိပ်ရွာကို စစ်တပ်က FPV ဒရုန်းဖြင့်တိုက်ခိုက်ရာတွင် အသက် (၆၃) နှစ်အရွယ် ဒေါ်လှသန်းရီ သေဆုံးသွားသည်။

**(၂၄) တောင်ကုတ်တွင် စစ်ကောင်စီ လေကြောင်းတိုက်ခိုက်မှုကြောင့် သက်ကြီးပိုင်းအရပ်သား တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ (Western News)**

ရခိုင်ပြည်၊ တောင်ကုတ်မြို့နယ်၊ ဝက်ကျိတ်အုပ်စုရှိ ရွာသစ်ကေကျေးရွာအနီးကို အကြမ်းဖက် စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုကြောင့် သက်ကြီးပိုင်းအရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက Western News ကို ပြောသည်။

လေကြောင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွာသစ်ကေကျေးရွာမှ အသက် (၆၀) အရွယ် ဦးတင်မောင် သေဆုံးခဲ့ပြီး ဦးမင်းဆွေမှာ ဦးခေါင်းနှင့် ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေကြောင်း တောင်ကုတ်မြို့ခံတစ်ဦးက ပြောသည်။

**(၂၅) ဂွ ကျိန္တလီမြို့ကို အာဏာသိမ်းစစ်တပ်ဗုံးကြဲ၍ သက်ကြီးပိုင်းတစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရ (Narinjara)**

အာရက္ခပြည်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့ကို အာဏာသိမ်းအကြမ်းဖက်စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားခဲ့သည်ဟု သိရသည်။ သေဆုံးသွားသူမှာ ကျိန္တလီမြို့၊ အမှတ် (၁) ရပ်ကွက်မှ ဦးဦးကျော်ခိုင် (၈၁) နှစ်ဖြစ်ပြီး ဒဏ်ရာရရှိသွားသူမှာ အမှတ် (၂) ရပ်ကွက်မှ ဦးချစ်စန်းမောင် (ခ) ချစ်ပု (၄၉) နှစ်ဖြစ်သည်။

ကျိန္တလီမြို့ကို အာဏာသိမ်းအကြမ်းဖက်စစ်တပ်၏ ဂျက်တိုက်လေယာဉ်က စက်တင်ဘာ ၁၀ ရက်နေ့ ည ၉ နာရီ ၄၁ မိနစ်တွင် တစ်ကြိမ်နှင့် ည ၉ နာရီ ၄၆ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင် လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သိရသည်။

## ၃။ တွေ့ရှိချက်များ

**၁။** မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ သုံးသန်းကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်များအရ သိရသည်။ အာရက္ခပြည်တစ်ခုတည်းတွင်ပင် လူဦးရေသုံးသိန်းငါးသောင်းခြောက်ထောင်ဝန်းကျင် အိုးမဲ့အိမ်မဲ့ဖြစ်နေရပြီး၊

ထိုအထဲတွင် အသက် (၆၀) နှစ်နှင့် အထက်ရှိသူများသည်လည်း ရာခိုင်နှုန်းအတိုင်းအတာတစ်ခု အထိ ပါဝင်သည်။

**၂။** သက်ကြီးရွယ်အိုများမှာ အကျပ်အတည်းများစွာကို ထိခိုက်ခံစားနေကြရသည်။ တိုက်ပွဲများ အတွင်း စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများ၊ ဒရုန်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် သက်ကြီးရွယ်အိုအများအပြား သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြရပြီး အချို့မှာ မိသားစုနှင့် အဆက်အသွယ်ပြတ်တောက်ကာ အားကိုးရာမဲ့စွာ နေထိုင်နေကြရသည်။ မိသားစုနောက်ခံမရှိသူများ၊ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်ကြသူများမှာ အစာအာဟာရ ချို့တဲ့မှု၊ ဆေးဝါးရှားပါးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းတို့ကြောင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်နေကြရသည်။ အချို့သောသက်ကြီးရွယ်အိုများမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်မည်ကို စိုးရိမ်သောကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည့်အထိ အခြေအနေဆိုးရွားလာ နေသည်။

**၃။** လူသားချင်းစာနာထောက်ထားမှုအကူအညီများမှာလည်း လျော့နည်းလာနေပြီး အလှူရှင်များ ကျဆင်းလာခြင်း၊ စစ်ကောင်စီက အကူအညီပို့ဆောင်မှုကို ပိတ်ဆို့ခြင်းတို့ကြောင့် စစ်ဘေးရှောင် များနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဌာနများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ထို့အပြင် ကုန်စည်စီးဆင်းမှုနှင့် ကုန်းလမ်း၊ ရေလမ်းများကို ပိတ်ဆို့ထားမှုကြောင့် စားသောက်ကုန် နှင့် ဆေးဝါးဈေးနှုန်းများ မြင့်တက်ကာ ဒေသခံများမှာ စားဝတ်နေရေးအတွက် အလွန်အမင်း အခက်အခဲကြုံတွေ့နေကြရသည်။ ဤအခြေအနေများကြောင့် ရခိုင်ပြည်အတွင်း သက်ကြီးရွယ် အိုများမှာ အငတ်ဘေးနှင့် ရောဂါဘေးကြားတွင် တုန်ရီနေရဆဲဖြစ်သည်။

**၄။** ထို့အပြင် ရခိုင်ပြည်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူ၊ တောင်ကုတ်၊ ဂွမြို့နယ် ကျိန္တလီမြို့နှင့် မြောက်ဦးမြို့နယ်များအပါအဝင် ဒေသ အများအပြားတွင် အရပ်သားများ ထိခိုက်သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ ယင်းသေဆုံး သူများထဲတွင် သက်ကြီးရွယ်အိုများ အများအပြား ပါဝင်နေသည်။ ဗျိုင်းဖြူရွာတွင် အရပ်သား ၂၀၀ ခန့်ကိုဖမ်းဆီးပြီး ၅၃ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုကဲ့သို့သော ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ပြီး သက်ကြီးရွယ်အိုများမှာလည်း အဓိကကျူးလွန်ခံရသူများထဲတွင် ပါဝင်ခဲ့သည်။

**၅။** နောက်ထပ်အချက်တစ်ချက်မှာ ရခိုင်ပြည်အတွင်း စစ်ရှောင်ပြည်သူ ၅ သိန်းနီးပါး ရှိနေပြီး ၎င်း တို့ထဲတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အများဆုံးဖြစ်ကာ စစ်ဘေးနှင့် နောက်ဆက်တွဲအကျိုးဆက်များကို အလူးအလဲခံစားနေရသည်။ အထူးသဖြင့် ဆောင်းရာသီတွင် အနွေးထည်၊ စောင်နှင့် အမိုးအကာ လိုအပ်ချက်များ အလွန်ကြီးမားလာခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် စစ်ရှောင်စခန်းများရှိ နေအိမ်များပျက်စီးခြင်းနှင့် ဆေးဝါးရှားပါးမှု၊

ကျန်းမာရေးဝန်ထမ်းနည်းပါးမှုတို့ကြောင့် သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံများမှာ ကျန်းမာရေးနှင့် နေ့စဉ်စားဝတ်နေရေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေကြရသည်။ ဤအခြေအနေများကြောင့် ရခိုင်ပြည်ရှိ သက်ကြီးရွယ်အိုများနှင့် စစ်ဘေးရှောင်ပြည်သူများမှာ နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများကို ခက်ခဲစွာ ရင်ဆိုင်ကျော်ဖြတ်နေကြရပါသည်။

## ၄။ သုံးသပ်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ တကျော့ပြန်ဖြစ်ပွါးလာသော ရခိုင်စစ်ပွဲသည် ယခုအချိန်ဆိုလျှင် ၂ နှစ်နှင့် ၁၀ လခန့် ရှိလာပြီဖြစ်သည်။ အာရက္ခတပ်တော်မှ ရခိုင်စစ်မြေပြင်တွင် မြို့နယ် (၁၅) ခုခန့် သိမ်းပိုက်ထားပြီး၊ စစ်ကောင်စီလက်အောက်တွင် စစ်တွေ၊ ကျောက်ဖြူ နှင့် မာန်အောင် မြို့နယ် (၃) ခုသာ ကျန်ရှိနေကာ၊ စစ်ပွဲအဆုံးသတ်နိုင်ရေးအလားအလာသည်လည်း ခန့်မှန်းရ ခက်နေပေသည်။

တပြိုင်နက်တည်းမှာ စစ်ပွဲများစတင်ကတည်းက စစ်ကောင်စီသည် ရခိုင်ပြည်သို့ ကုန်းလမ်း၊ ရေလမ်း မှ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးများကို ကြီးမားစွာကန့်သတ်ခဲ့ပြီး၊ သာမန်ပြည်သူလူထုများအပေါ်တွင် အချိုးမညီသော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများ ဆိုးရွားစွာ သက်ရောက်လာခဲ့သည်။ ထိုအထဲတွင် ရခိုင်ပြည်တစ်ဝန်းလုံးရှိ သက်ကြီးရွယ်အိုများမှာ အဓိကထိခိုက်ခံစားရသူများဖြစ်သည်။ စစ်ပွဲများကြောင့် အသက်အန္တရာယ်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်မှ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာဆုံးရှုံးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှု နှင့် ဆေးဝါးများပြတ်လပ်ခြင်း အပြင် ပြည်ပရောက် မိသားစုဝင် (သားသမီးများ) နှင့် အဆက်အသွယ်ပြတ်တောက်မှုကြောင့် ဝင်ငွေဆုံးရှုံးပြီး၊ စားဝတ်နေရေး အကျပ်အတည်းများကိုလည်း တဆက်တည်းရင်ဆိုင်လာရသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူသားချင်းစာနာမှုဆိုင်ရာ တုန့်ပြန်ရေးအစီအစဉ်တစ်ခုတွင် သက်ကြီးရွယ်အိုများမှာ အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်နေသူများ၏ ၁၂ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်။ ရခိုင်ပြည်အတွက် သီးသန့်ဖော်ပြထားသည့်အချက်အလက် ပါဝင်ခြင်းမရှိသော်လည်း ယခုအချိန်တွင် သက်ကြီးရွယ်အိုများအတွက် ပိုမိုခက်ခဲနိုင်ပေသည်။ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု အစရှိသည့် တိုက်ပွဲရန်စွယ်များမှ တိမ်းရှောင်ရာတွင်ဖြစ်စေ၊ နွေမိုးဆောင်း ရာသီဥတုဒဏ်များမှ ခုခံတွန်းလှန်ရာတွင်ဖြစ်စေ သက်ကြီးရွယ်အိုများသည် ပိုမိုထိခိုက်ခံစားရသူများဖြစ်သည်။

မိုးရာသီ မုန်တိုင်း၊ မိုးသက်လေပြင်း၊ ရေကြီးမှုများကြောင့် အိမ်များပြိုပျက်စီးခြင်း၊ နွေရာသီ ရေခမ်းခြင်း၊ အပူချိန်ပြင်းထန်ခြင်းကြောင့် အနေအထိုင်ကျပ်တည်းခြင်း၊ ဆောင်းရာသီ အအေးပိုခြင်း နှင့် အဝတ်အထူ (အနွေးထည်) လိုအပ်ခြင်းကြောင့် ချမ်းအေးခိုက်တုန်ခြင်း အစရှိသည့် သဘာဝဘေးဒုက္ခပေါင်းများစွာသည်လည်း အသက်အရွယ်ကြီးပြီး၊ ကိုယ်ခံအားကျဆင်းနေသူများအတွက် အချိုးမညီစွာပင် သက်ရောက်မှုရှိနေသည်။

ရခိုင်ပြည်တွင်းရှိ သက်ကြီးရွယ်အိုများအတွက် ဒုက္ခသည်အကျပ်အတည်းများမှာ လူမှုရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အခြေအနေများနှင့်လည်း ချိတ်ဆက်နေပေသည်။ ပုံမှန်အားဖြင့် အိုစာမင်းစာပစ္စည်းဥစ္စာစုဆောင်းထားခြင်းမရှိသူများမှာ သား၊ သမီးဆွေမျိုးများ (သို့မဟုတ်) အစိုးရ၏ ကူညီထောက်ပံ့ရေးအစီအစဉ်များကို အားထားရပေသည်။ သို့သော် ဆွေမျိုးများ၏ ကူညီစောင့်ရှောက်မှုမရှိသူများမှာ လက်ရှိကာလတွင် အစိုးရများ၏ ကူညီမှုအစီအစဉ်များကို မှီခို၍ မရနိုင်သဖြင့် ရွေးချယ်နိုင်စရာ မရှိသလောက် ဖြစ်လာသည်။ ဤသို့ဖြင့် စစ်ပွဲနှင့် ခေတ်ပြောင်းခေတ်လဲကြားတွင် သက်ကြီးရွယ်အိုများမှာ ဘဝ၏နောက်ဆုံးအချိန်၌ပင် မမျှော်မှန်းနိုင်လောက်သည့် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး၊ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များဖက်မှ အရေးတကြီး ကူညီထောက်ပံ့ပေးရန် လိုအပ်လျက်ရှိသည်။

### အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org